# သာမန်ကာလ (၁၆) ကြိမ်မြောက် တနင်္ဂနွေနေ့

ရှင်မာတေဉီး ၁၃း၂၄-၄၃

ယနေ့ဖတ်ရတဲ့ ဧဝံဂေလိကျမ်းစာမှာ ယေရှုဘုရားရှင်က ဂျုံစပါးပင်နဲ့ ပေါင်းပင် ဥပမာကို မိန့်တော်မူပါတယ်။ လယ်ခင်းထဲမှာ ဂျုံစပါးဆိုတဲ့ ကောင်းတဲ့မျိုးစေ့တွေကို ကြဲခဲ့တာ မှန်ပါတယ်။ ဒါပေမဲ့ မလိုလားအပ်တဲ့ ပေါင်းပင်တွေပါ ရောပြီး ပေါက်လာတာကို တွေ့ရစမြဲပါပဲ။ ဥပမာပုံပြင်ထဲက အစေခံတွေက လယ်ပိုင်ရှင်ကို ပြောကြတဲ့အတိုင်း ကျနော်တို့ စိတ်ဆန္ဒတွေကလည်း ပေါင်းပင်တွေကို ချက်ချင်းနှုတ်ပစ်ဖို့ ဆန္ဒရှိကြပါတယ်။ မကောင်းတဲ့သူတွေကို အပြတ်ရှင်းပစ်ချင်တဲ့ဆန္ဒ ကျနော်တို့မှာ ရှိကြတယ်။ ဒါပေမဲ့ လယ်ပိုင်ရှင်ကတော့ ဘုရားသခင်လိုပဲ ချက်ချင်းရှင်းပစ်ဖို့ "ငါအလိုမရှိ။ သင်တို့သည် ပေါင်းပင်တို့ကို နှုတ်သည့်အခါ ဂျုံစပါးတို့ကိုလည်း နှုတ်မိမည်ကို စိုးရိမ်ရ၏။ ဂျုံစပါး ရိတ်သည့်အချိန်တိုင်အောင် နှစ်မျိုးစလုံးကြီးထွားပါစေ။ ရိတ်သိမ်းချိန်၌ ပေါင်းပင်တို့ကို ဦးစွာနှုတ်၍ မီးရှို့ရန် စည်းထားကြလော့။ ဂျုံစပါးကိုမူ ငါ၏ကျီထဲ၌ လှောင်ထားကြလော" တဲ့။

ဘုရားသခင်ရဲ့ ဆန္ဒက ကောင်းတဲ့လူ၊ မကောင်းတဲ့လူ အတူတူ ကြီးထွားပါစေ၊ အတူတူ ရှင်ခွင့်ပေးထားပါတယ်။ အတူတူ နေခွင့် ပေးထားပါတယ်။ ကျနော်တို့ လူ့ဆန္ဒကတော့ ဒီလူက မကောင်းဘူးလား ရှင်းပစ်၊ ဖယ်ရှားပစ်။ ဒဏ်ခတ်ပစ် ဆိုတဲ့ စိတ်မရှည်တဲ့သဘောထား ရှိကြပါတယ်။ ကျနော်တို့ လူတွေက စိတ်မရှည်ပေမဲ့ ဘုရားကတော့ လူဆိုးတွေကိုလည်း လူကောင်းတွေနဲ့အတူ အသက်ရှင်ခွင့် ပေးထားပါတယ်။ ဒါကလည်း လူဆိုးတွေက နောင်တများ ရလာမလားလို့ အချိန်ပေးထားတာပါ။ လူကောင်းတွေကိုများ သူတို့က အတုယူမလားလို့ပါ။ လူဆိုးတွေ နောင်တရလာပြီး လူကောင်းတွေဖြစ်လာကြဖို့အတွက် အချိန်ပေးထားတာပါ။ ကောင်းလာစေဖို့အတွက် အခွင့်အရေးတွေ ပေးထားတယ်။ သူတို့အနားမှာ အတုယူစရာ သူတော်စင်တွေလည်း ရှိနေတာပါပဲ။ လူဆိုးတွေ ကောင်းလာစေဖို့အတွက် ဘုရားသခင်က နည်းမျိုးစုံသုံးပြီး နောင်တရ ပြောင်းလဲစေပါတယ်။ ဒါပေမဲ့ သူတို့က လုံးဝလက်မခံ ငြင်းပယ်ရင်တော့ ၊ ကောင်းမလာရင်တော့ ကမ္ဘာကုန်တဲ့အခါ တရားမျှတစွာ စီရင်ခံရပါလိမ့်မယ်။ ယုံရင်ယုံ မယုံရင် နေပေါ့။ ယေရှုဘုရားရှင်ကိုယ်တော်တိုင် အတိအကျ မိန့်တော်မူထားတာပဲ၊ "လူသားသည် မိမိ၏ကောင်းကင်တမန်တော်တို့ကို စေလွှတ်တော်မူ၍ မှားယွင်းစေသောအရာ ရှိသမျှနှင့် အပြစ်ကျူးလွန်သူအားလုံးတို့ကို ကိုယ်တော်၏နိုင်ငံတော်မှ ထုတ်ပယ်ပြီး ၎င်းတို့ကို တောက်လောင်နေသောမီးဖိုထဲသို့ ပစ်ချလိမ့်မည်။"

လူဟာ နေ့ချင်းညချင်း လူကောင်းဖြစ်မလာသလို နေ့ချင်းညချင်း လူဆိုးလည်း ဖြစ်မသွားနိုင်ပါဘူး။ ဒါကြောင့် ခြေလျော့လက်ချော့နဲ့ ငရဲကျစရာ အကြောင်း မရှိပါဘူး။ သင့်မှာ အချိန်အများကြီး ရှိပါတယ်။ လူကောင်းဖြစ်လာနိုင်ဖို့အတွက် အတုယူစရာ စံပြ ရဟန္တာတွေလည်း သင့်နဘေးများ ရှိနေတယ်။ ဘုရားရှင်ရဲ့ နှုတ်တော်ထွက်စကားတွေကိုလည်း ခဏတိုင်း ကြားနေရတယ်။ တဖြေးဖြေး ကောင်းလာစေဖို့ အချိန်ယူပြီး ရှင်သန်ရပါမယ်။ ယနေ့ ကြားရတဲ့

မုန်ညှင်းစေ့ ဥပမာလိုပေါ့။ မုန်ညှင်းစေ့လည်း အစမှာ သေးငယ်နေပေမဲ့ ၊ ဘာမျှမဖြစ်စလောက်လေး ဖြစ်နေပေမဲ့ အချိန်ကြာလာတဲ့အခါ အသုံးဝင်တဲ့၊ သူတပါးတွေကအားကိုးလောက်တဲ့ အပင်ကြီးဖြစ်လာရတယ်မဟုတ်လား။ ဘုရားက အဲ့လိုကောင်းကျိုးတွေဖြစ်ထွန်းလာစေဖို့ ကျနော်တို့ အားလုံးကို ကောင်းတဲ့သူဖြစ်ဖြစ်၊ မကောင်းတဲ့သူဖြစ်ဖြစ် ဘုရားကစိတ်ရှည်ပါတယ်။ အားလုံးကို ကောင်းလာစေဖို့ ၊ အကျိုးပြုတဲ့သူတွေ ဖြစ်လာစေဖို့မျှော်လင့်ပါတယ်။

ကျနော်တို့အားလုံးမှာ အားနည်းချက်တွေ ရှိတယ်။ အပြစ်တွေနဲ့ ရုန်းကန်နေရတယ်။ ယုံကြည်ခြင်းလည်း တခါတလေ အားကောင်းတယ်။ တခါတလေ အားနည်းတယ်။ ဒါပေမဲ့ဘုရားသခင်က ကျနော်တို့ကို လက်မလျှော့ဘူး။ ဘုရားက စိတ်ရှည်တယ်။ နောင်တရဖို့အချိန်ပေးတယ်။ ပြန်လာဖို့ တံခါးကို အချိန်မရွေးဖွင့်ထားတယ်။

ဒါကြောင့် ကိုယ့်ကိုယ်ကိုလည်း အလျင်စလို အရှုံးမပေးပါနဲ့။ တခြားသူတွေကိုလည်းအလွယ်တကူ မစီရင်ပါနဲ့။ ဒီနေ့ မကောင်းတဲ့သူတစ်ယောက်ဟာ မနက်ဖြန်သူတော်စင်ဖြစ်လာနိုင်ပါတယ်။ ဒီနေ့ အားကောင်းနေတဲ့သူတစ်ယောက်ဟာလည်းလဲကျသွားနိုင်ပါတယ်။

ယုံကြည်ခြင်းနဲ့ သန့်ရှင်းခြင်းဆိုတာ နေ့ချင်းညချင်း ရရှိ တိုးတက် လာတာ မဟုတ်ပါဘူး။ စိတ်ရှည်ရှည်နဲ့ ဆည်းပူးရယူရတာပါ။ မုန်ညှင်းစေ့လိုပါပဲ။ နေ့တိုင်း ဆုတောင်းစရာလိုတယ်။ ဘုရားအပေါ် ယုံကြည်စိတ်ချဖို့ နေ့တိုင်း ကိုယ့်ကိုယ်ကို သတိပေးနေရတယ်။ နေ့တိုင်းစိတ်ကောင်းနှလုံးကောင်း သွင်းနေဖို့ လိုတယ်။ ဘာ့လို့လဲဆိုတော့ လူက စိတ်လေတတ်တယ်။ တော်ကြာ ကောင်းလာလိုက်၊ တော်ကြာ ယုတ်မာတဲ့စိတ် မသိမသာဝင်လာလိုက်နဲ့၊ သတိထားနေရပါမယ်။

ယနေ့ သင်ခန်းစာ ယူစေချင်တာကတော့ ဘုရားက ကျနော်တို့လို အပြတ်ရှင်းပစ်ချင်တဲ့စိတ်ကုန်တဲ့သဘောထား မရှိပဲ၊ ရနိုင်သလောက် ကယ်တင်မယ်။ အဆုံးတိုင်အောင် စိတ်ရှည်မယ်။ ကျနော်တို့ လူတွေအပေါ်မှာ ဘယ်တော့မျှ စိတ်မကုန်ဘူးဆိုတဲ့ ဘုရားရဲ့စိတ်သဘောထားကိုသိမှတ်ကြပါစို့။ ဘုရားရဲ့ စိတ်ရှည်တတ်တဲ့ သဘောထားအတိုင်း ကျနော်တို့လည်း ကိုယ့်ကိုယ်ကိုအပေါ်မှာလည်း စိတ်ရှည်ပါ၊ အရှုံးမပေးလိုက်နဲ့၊ သူတစ်ပါးအပေါ်မှာလည်း စိတ်ရှည်ပါ။ စိတ်ကုန်ပြီး အပြတ်ရှင်းပစ်လိုက်မယ်ဆိုတဲ့ လက်လျှော့တတ်တဲ့သဘောမျိုးမရှိအောင် ပြုပြင်ကြပါစို့။

နားဆင်သူအားလုံးအပေါ် ဘုရားသခင့်ကောင်းကြီးမင်္ဂလာများ ခံစားကြရပါစေ။